## ဗြိတိန်ရှိ နိုင်ငံရေးလေ့လာမှုအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆုချီးမြှင့်
## ၂၈ နိုဝင်ဘာ ၂၀၀၇

နိုင်ငံရေးလောကမှာ ဩဇာတိက္ကမကြီးမားတဲ့ **Political Studies Association** လို့ခေါ်တဲ့ ဗြိတိန်နိုင်ငံက နိုင်ငံရေးလေ့လာမှုအဖွဲ့ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆု ချီးမြှင့်လိုက်တဲ့အပြင် ဒီတခါ ဆုပေးဖို့ ရွေးချယ်တဲ့နေရာမှာ ထူးထူးခြားခြား ရွေးချယ်ရေးအဖွဲ့ဝင်အားလုံးရဲ့ ကန့်ကွက်မဲမရှိဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဆုပေးရေး တခဲနက်ရွေးချယ်တာကို ကြုံခဲ့ရတယ်လို့ အဲဒီအဖွဲ့ကြီးကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား လန်ဒန်အခြေစိုက် **Burma Campaign UK** က မဇိုရာဖန်းက အဲဒီဆုကို လက်ခံရယူခဲ့တာဖြစ်ပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

ဗြိတိန်နိုင်ငံက နိုင်ငံရေးလေ့လာမှုအဖွဲ့ **(PSA)** က လန်ဒန်ပေါလ်မောလ်က ဒါရိုက်တာများအဖွဲ့အစည်းမှာ အင်္ဂါနေ့ နေ့လယ်က ဒီနှစ် နှစ်ပတ်လည်ဆုကို ပေးခဲ့တာပါ။ နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေနဲ့ သတင်းသမားတွေထဲမှာ ၂၀၀၇ ခုနှစ်အတွင်း အထူးခြားဆုံးလို့သတ်မှတ်နိုင်သူကို ရွေးချယ်ပြီး ဆုပေးပါတယ်လို့ **PSA** အဖွဲ့ ပြောခွင့်ရ ဆူးဖရတ်စတာက ပြောပါတယ်။

> "ဒေါ်အောင်ဆန်းစုကြည်ကို တသက်တာနိုင်ငံရေးအထူးဆု ချီးမြှင့်ဖို့အတွက် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါတယ်လို့ အကဲဖြတ်ရွေးချယ်သူတွေက ပြောပါတယ်။ ဒီလိုရွေးချယ်ရတာကလည်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ၊ ဖိနှိပ်ချုပ်ချယ်တဲ့ စစ်အစိုးရကို ၁၀ နှစ်ကျော် အကျဉ်းကျခံခဲ့ရပေမယ့် အရှုံးမပေးခဲ့တာတွေဟာ အထူးဂုဏ်ပြုဖို့ ထိုက်တန်တဲ့ အချက်တွေပါလို့ ပြောသွားတာပါ။ ဒ့ါအပြင် ဒီနှစ်ရွေးချယ်ရာမှာ အထူးခြားဆုံးက ဒေါ်အောင်ဆန်းစုကြည်ကို ကန့်ကွက်သူမရှိ ရွေးချယ်နိုင်ခဲ့တာ" လို့ ပြောပါတယ်။
>
> "တခါတလေ ဆုရွေးချယ်ရာမှာ အများစုမဲထည့်သူကို ရွေးကြရပေမယ့် ဒီတခါမှာတော့ ဒေါ်အောင်ဆန်းစုကြည် ကျော်လွှန်ဖြတ်သန်းခဲ့ရတာတွေကို နိုင်ငံရေးသမားတွေ၊ တတ်သိပညာရှင်တွေ၊ သတင်းသမားတွေအားလုံးက နားလည်ခံစားခဲ့ကြရပါတယ်" လို့ ပြောသွားပါတယ်။

**PSA** အဖွဲ့ကြီးဟာ အတော့်ကိုထူးချွန်တဲ့သူတွေကိုမှ ရွေးပြီးဆုပေးလေ့ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အတွက်ပေးအပ်မယ့်ဆုကို ဆွေမျိုးသားချင်းတွေကိုယ်စား လန်ဒန်မှာ မြန်မာ့အရေးဆောင်ရွက်နေတဲ့ **Burma Campaign UK** က မြန်မာတိုင်းရင်းသူလေး မဇိုရာဖန်း လက်ခံရယူဖို့အတွက် ဗြိတိန်နိုင်ငံရဲ့ ကွန်ဆာဗေးတစ်ပါတီ က ပါလီမန်အမတ် ဂျွန်ဘာဂိုကတဆင့် ပန်ကြားခဲ့ပါတယ်။ ဆုကို ကိုယ်စားတက်ရောက်ယူခဲ့တဲ့ မဇိုရာဖန်းက ဒီဆုပေးပွဲနဲ့ပတ်သက်ပြီး အခုလိုပြောပါတယ်။

> "ဒီနေ့မှာဆိုရင် ဆုပေးပွဲထဲမှာ **Master of Ceremonies** လုပ်တဲ့လူက ဂျိမ်းစ်မော်ဗီ၊ သူကလည်း စာနယ်ဇင်းသမား၊ တော်တော်နံမယ်ကြီးတဲ့လူပဲ။ ဒီပွဲမှာလာရောက်နေတဲ့လူတွေ တော်တော်များများ မြန်မာ့နိုင်ငံရေးကို တော်တော်လေးစိတ်ဝင်စားလာတယ်၊ ပြီးတော့ ပိုမိုပြီးတော့လုပ်ရှားနိုင်အောင် ကျမတို့က အမြဲတမ်းပဲ သူတို့ကို တိုက်တွန်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဩဇာရှိနေတဲ့လူတွေ ဆိုတော့ မြန်မာ့အရေးလှုပ်ရှားမှုတွေ သူတို့ပါဝင်လာပြီဆိုရင်တော့ နောက်ဆိုရင် မြန်မာ့အရေးကို တော်တော်လေးလှုပ်ရှားနိုင်မယ့်လူတွေ ပိုများလာမယ်လို့ မျှော်လင့်ထားပါတယ်"

*ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိုယ်စား သွားပြီးတော့ယူရတဲ့အတွက် မဇိုရာဖန်းရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရပါသလဲ။*

> "ကျမ ဝမ်းသာပါတယ်။ ပြီးတော့ ဂုဏ်ယူမိပါတယ်။ မြန်မာပြည်ကနေလာတဲ့ အမျိုးသမီးငယ် တယောက်အနေနဲ့ ကျမ တော်တော်လေးကို ပျော်မိပါတယ်။ ကျမ တခုပျော်မိတာကတော့ မြန်မာနိုင်ငံထဲမှာ ဒုက္ခရောက်နေတဲ့ပြည်သူလူထုတွေအားလုံး၊ တိုင်းရင်းသားလူမျိုးစုတွေအားလုံး ဒေါ်အောင်ဆန်းစုကြည်

ရဲ့ ဦးဆောင်မှုအောက်မှာ အတူတကွလှုပ်ရှားနိုင်ဖို့ ကျမအနေနဲ့ အမြဲတမ်းပဲ မျှော်လင့်နေပါတယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်းတွေကလည်း ကျမတို့နဲ့အတူတကွ တိုက်ပွဲဝင်နေတယ်ဆိုတာလည်း ဒီဆုပေးပွဲက ဖော်ပြနေပါတယ်။ အဲဒါကြောင့် ကျမ ပျော်မိပါတယ်”

ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ကို ခိုင်မာတဲ့ရပ်တည်ချက်နဲ့ ဦးဆောင်ခဲ့ပြီး ငြိမ်းချမ်းမှုအတွက်၊ ဒီမိုကရေစီရရှိရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့လို့ ၁၉၉၁ ခုနှစ်မှာ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရခဲ့ရာကနေ နိုင်ငံတကာမှာ စံပြဖြစ်လာခဲ့တယ်လို့လည်း ဆုရွေးချယ်ရေးအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ဆီပေးပို့တဲ့စာထဲမှာ ရေးသားထားပါတယ်။

အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) အင်္ဂလန်အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က အဲန်အယ်လ်ဒီအဖွဲ့နဲ့ တနိုင်ငံလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်လို့ ပြောပါတယ်။

“နိုင်ငံရေးလေ့လာသူများအဖွဲ့ကနေပြီးတော့ စွမ်းဆောင်မှုတွေလေ့လာပြီးတော့ ရာသက်ပန် အထူးဆုကို ချီးမြှင့်လိုက်တာဟာ အင်မတန်အားကျစရာ၊ အင်မတန်ဂုဏ်ယူစရာကောင်းတဲ့ကိစ္စတခု ဖြစ်ပါတယ်။ ကျနော်တို့ပြည်တွင်းမှာရော၊ ပြည်ပမှာရောရှိနေကြတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးဟာ သူမရဲ့ စိတ်ဓာတ်ကို လေးစားတဲ့အနေနဲ့၊ သူမရဲ့အနစ်နာခံတာကို လေးစားတဲ့အနေနဲ့၊ ဂုဏ်ယူတဲ့အနေနဲ့ ဒီဆုရတဲ့အချိန်မှာ တို့လည်း ဒေါ်အောင်ဆန်းစုကြည်ကို တတ်နိုင်သလောက်ပံ့ပိုးမယ်၊ ဒေါ်အောင်ဆန်းစုကြည် အနစ်နာခံသလို တို့လည်း တတ်နိုင်သလောက် အနစ်နာခံမယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေနဲ့ ကိုယ်ရည်မှန်းတဲ့ ကိုယ့်တိုင်းပြည် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် အတတ်နိုင်ဆုံးကြိုးစားကြမယ်ဆိုရင် အကောင်းဆုံးနဲ့ မကြာခင်မှာ စစ်မှန်တဲ့ ဒီမိုကရေစီရမယ်လို့ ကျနော့်အနေနဲ့ လေးလေးနက်နက် ယုံကြည်ပါတယ်”